CHINLAND DEFENSE FORCE - MARA
Email:cdfmara@gmail.com

**Chinland Defense Force – Mara ဖွဲ့စည်းကြောင်းကြေညာခြင်း**

**ကြေညာချက်အမှတ် (၁/၂၀၂၁)**

**၂၀၂၁ခုနှစ်၊ စက်တင်ဘာလ (၉) ရက်**

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် စစ်ကောင်စီမှ နိုင်ငံတော်အာဏာကို မတရား သိမ်းယူခဲ့ပြီး ပြည်သူလူထုမှ မတရားအာဏာသိမ်းမှုကို ဆန့်ကျင်သည့်အနေဖြင့် CDM ပြုလုပ်မှုများ၊ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်မှုများ ပြုလုပ်ခဲ့ကြသော်လည်း အာဏာသိမ်းအကြမ်းဖက် စစ်ကောင်စီမှ ပြည်သူလူထုကို ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်ခြင်းများနှင့် မတရားဖမ်းဆီးခြင်းများကို ပြည်သူလူထုအပေါ် ပြုလုပ်သောကြောင့် မိမိတို့၏ မျိုးနွယ်စုနှင့် နယ်မြေဒေသကို ကာကွယ်ရန်အတွက် ပြည်တွင်းပြည်ပရှိ မရာလူငယ်များ၊ ကျွှာအသီးသီးမှ ပါဝင်သင့်ပါဝင်ထိုက် သူများနှင့် ပူးပေါင်းကာ Chinland Defense Force – Mara (CDF-Mara) ကို ၂၀၂၁ခုနှစ်၊ မေလ (၂၇) ရက်နေ့တွင် အောက်ပါ ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၁။ စစ်အာဏာရှင်စနစ်ကို အမြစ်ပြတ်ချေမှုန်းနိုင်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပေါ်ပေါက်ရေး။

၂။ မရာဒေသအတွင်းရှိ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်စေနိုင်သည့် အကြမ်းဖက်စစ်ကောင်စီတပ်များရန်မှ အကာအကွယ်ပေးနိုင်ရေး။

၃။ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်စေနိုင်သည့် အကြမ်းဖက်စစ်အုပ်စု၏ သတင်းပေးဒလံများကို ထိရောက်စွာ အရေးယူနိုင်ရေး။

၄။ အကြမ်းဖက်စစ်အုပ်စု၏ အာဏာသိမ်းမှုကို အဘက်ဘက်မှ တော်လှန်နေကြသည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ချင်းအမျိုးသားတပ်ဦး (CNF/A)၊ ချင်းပြည်နယ်အတွင်း ရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၊ CDM များနှင့် ပူးပေါင်းချိတ်ဆက်ကာ ထောက်ပံ့ရေး၊ ကာကွယ်ရေးနှင့် နိုင်ငံရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရေး။

Chinland Defense Force – Mara

+91 9362860243, +91 9362379425